တိုက်ကျောင်းကျေးရွာ

မင်းကြမ်းကျေးရွာအုပ်စု၊ မိုးမောက်မြို့နယ်

ကချင်ပြည်နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

## ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ တိုက်ကျောင်းကျေးရွာ

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မိုးမောက်မြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

မေလ၊ ၂၀၁၉

# မာတိကာ


မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) လူဦးရေဆိုင်ရာ

(ခ) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ဂ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဃ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(င) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(စ) ပညာရေး

(ဆ) ကျန်းမာရေး

(ဇ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဈ) ကျား – မ ရေးရာ

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) - ဖွံ့ဖြိုးရေးဗျူဟာ ဇယား

နောက်ဆက်တွဲ (၂) - ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

၁။ တည်နေရာနှင့် ပထဝီအနေအထား

တိုက်ကျောင်းကျေးရွာသည်မိုးမောက်မြို့နယ်၊မင်းကျမ်းကျေးရွာအုပ်စုမိုးမောက်မြို့၏ မြောက် ဘက် ၁၅ မိုင်ခန့်အကွာတွင်တည်ရှိပြီး ဗန်းမော် မြစ်ကြီးနားသွားကားလမ်းမကြီး၏ အနောက်ဖက်တာပိန်မြစ်၏မြောက်ဖက်ကမ်းတွင်တည်ရှိသည်။ ကျေးရွာသည်မိုးမောက်မြို့ နယ်၊ မင်းကျမ်း ကျေးရွာ အုပ်စု မိုးမောက်မြို့၏ မြောက်ဘက် ၁၅ မိုင်ခန့်အကွာတွင်တည်ရှိပြီး ဗန်းမော် မြစ်ကြီးနားသွားကားလမ်းမကြီး၏အနောက်ဖက်တာပိန်မြစ်၏မြောက်ဖက်ကမ်းတွင်တည်ရှိသည် ။ ကျေးရွာသည်ကုန်းမြင့်တွင်တည်ရှိပြီးကျေးရွာအနီးမှပိုင်းလယ်ကွင်းများ ရေလွှမ်းမိုးမှုခံရတတ်သည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နှစ်စဉ် မိုးရေချိန်လက်မ(၈၀)ခန့် ရရှိသည်။ သဘာဝပေါက်ပင်များမှာ ဝါး၊ ညောင်ပင်၊ ကုက္ကို၊ သရက်၊ငှက်ပျောနှင့် မာလာကာပင်စသော အပင်များပေါက်ရောက်သည်။ မိုးစပါးသီးနှံ စိုက်ပျိုးနိုင်သော လယ်(၂၄၇.၅)ဧက၊နှစ်ရှည်သီးနှံပင်(သရက်၊သညေင်း၊ရှောက်သီး၊ရှောက်ပန်းသီး)၊ သခွား၊ဂေါ်ရဖီ၊ပြောင်းဖူး ဆောင်းသီးနှံ စိုက်ပျိုးနိုင် သော ဥယျာဉ်မြေ(၃၀)ဧက ရှိသည်။ မြေအောက်ရေတွင်းများမှရေကိုစက်ဖြင့်စုပ်တင်ပြီး နွေးစပါး စိုက်ပျိုးနိုင်ကြသည်။ ကျေးရွာအနီး တွင် တာပိန်မြစ်ခွဲရှိသော်လည်း စိုက်ပျိုးရေအတွက် ထိရောက်စွာ အသုံးပြုနိုင်ခြင်းမရှိကြပါ။ သဘာဝပေါက် ဆေးဖက်ဝင်အပင်များမှာ ဆင်တုံးမနွယ်၊ နနွင်းဝါ၊ ငရုပ်ကောင်း၊ ပန်းသစ်ခွ၊ ဝါးနှင့် ကျွန်းပင်များရှိသော်လည်း ကျေးရွာဖွံ့ဖြိုး ရေးအတွက် ထိရောက်စွာအသုံးမပြုနိုင်ကြပါ။

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) လူဦးရေဆိုင်ရာအခြေအနေ

တိုက်ကျောင်းရွာသည် မိုးမောက်မြို့နယ် မင်းကျမ်းကျေးရွာအုပ်စု တိုက်ကျောင်း ကျေးရွာဖြစ်ပါသည်။ ကျေးရွာတွင် အိမ်ထောင်စုပေါင်း ၁၁၈ ရှိပြီး လူဦးရေပေါင်း ၆၄၆(ကျား ၃၁၁ + မ ၃၃၅) ရှိသည်။ တစ်အိမ်ထောင်ပျမ်းမျှ ၅.၄၇ ရှိသောကြောင့် လူဦးရေတိုးပွါးမှုမှာ မြန်မာနိုင်ငံ၏ စံနှုန်းဖြစ်သော ၅ ယောက်နှုန်းထက် များသည်ကို တွေ့ရသည်။ ကျေးရွာတွင် နို့စို့အရွယ် ကလေးငယ် စုစုပေါင်း ၁၆ဦး၊ ၂.၄၇% သာရှိသဖြင့် ယခုနှစ်များတွင် မွေးဖွါးနှုန်း ကျဆင်းလာ နေသည် ကိုတွေ့ရသည်။ ၅ နှစ်အောက်ကလေး ၄၀ ဦး (၆.၁၉%) ရှိသည်ကို သိရှိခြင်းအားဖြင့် ကာကွယ်ဆေးထိုးရမည့် ကလေး အရေအတွက်ကို အတိအကျ သိနိုင်ပြီး ကာကွယ်ဆေးထိုးနှံမှု အောင်မြင်မှု အခြေအနေကို အလွယ်တကူ တွက်ချက်နိုင်မည်။ မူလတန်းအရွယ် ကလေး ၆၆ ဦး (ကျား ၂၈+မ၃၈) နှင့် အလယ်တန်းကျောင်း သားအရွယ် ၇၃ဦး (ကျား ၃+မ ၃၆ ) သိခြင်းဖြင့် ကျောင်းနေအရွယ်ကလေး တိုင်းကျောင်းနေ နိုင်ခြင်းရှိ/မရှိကို အလွယ်တကူ တိုင်းတာနိုင်မည်။ အလုပ်လုပ်နိုင်သော အရွယ် ၄၂၃ (ကျား ၂၀၆+ မ ၂၁၇)၊ (၆၅.၄၇%) ရှိသောကြောင့် ကျေးရွာတွင် အလုပ် လုပ်နိုင်သော လူဦးရေ များပြားသည်ကို တွေ့ရသည်။ ၎င်းတို့ကို အလုပ်အကိုင်ဖန် တီးပေးခြင်း၊ အသက်မွေးဝမ်းလုပ်ငန်းများ ကျွမ်းကျင်တတ်မြောက်အောင် စွမ်းရည်မြှင့်တင် ပေးနိုင်ပါက ကျေးရွာဖွံ့ဖြိုးရေးအတွက်များစွာ အ ထောက် အကူဖြစ်မည်။ အလုပ်လုပ်ကိုင်နိုင် သောအရွယ်တွင် အမျိုးသမီး ဦးရေသည် အမျိုးသား ဦးရေ ထက် ၁၁ ဦး (၂.၆%) ပိုများနေသည်ကို တွေ့ရသည်။ ကျေးရွာတွင် သက်ကြီးရွယ်ကြီး၂၈ ဦး (ကျား ၁၀+မ ၁၈) ဦး (၄.၃၃%) ရှိသဖြင့် ကျေးရွာတွင် ကျန်းမာရေးကောင်းမွန်သည်ကို တွေ့ရသည်။ သက်ကြီးရွယ်ကြီးတွင်လည်း

အမျိုးသမီးဦးရေသည် ၈ ဦး (၂၈.၅၇%) ပိုများနေသည်ကို တွေ့ရသဖြင့် အမျိုးသမီးများသည် အမျိုးသားများထက် အသက်ရှည် သည်ကိုတွေ့နိုင်သည်။

**(ခ) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**

ကျေးရွာတွင်း အဖွဲ့ပေါင်း (၄) ဖွဲ့ရှိပြီး စီးပွါးရေးကို အခြေခံသောအဖွဲ့ ၁ ဖွဲ့ရှိပြီး လူမှုရေးသီးသန့်ကို အခြေခံသောအဖွဲ့ ၂ ဖွဲ့နှင့် လူမှုရေးနှင့် ဘာသာရေးပူးတွဲလုပ်နေသောအဖွဲ့ ၁ဖွဲ့ရှိသည်။ ၄င်းအဖွဲ့များကို သုံးသပ်ရာတွင် ကျေးရွာမှ မိမိတို့ကိုယ်တိုင် လိုအပ်ချက်အရ ဖွဲ့စည်းသော အဖွဲ့များသည် တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်အဝရှိပြီး လူထုနှင့်လည်း အချင်းချင်း အပြန်အလှန် ယုံ ကြည်မှုရှိသည်။ လုပ်ငန်းလုပ်ဆောင်မှု ကောင်းမွန်ပြီး ကြာရှည်လည်း ရပ်တည် နိုင်ကြသည်။ ပြင်ပမှ လုပ်ငန်းလိုအပ်ချက်အရဖွဲ့စည်းခဲ့သော အဖွဲ့များရှိသော်လည်းတာဝန်ယူမှုတာဝန်ခံမှုယုံကြည်မှုအားနည်းသည်။ အားနည်းသည်။ ရေရှည်ရပ်တည်နိုင်မှုမ ရှိကြပါ။

**(ဂ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

ကျေးရွာတွင်အဓိကစိုက်ပျိုးသောသီးနှံများမှာစပါးဖြစ်ပါသည်။စပါးစိုက်ဧကပေါင်း (၂၄၇.၅)ဧက ရှိပြီး ဇူလိုင်လ တွင်စတင်စိုက်ပျိုးကြပြီး အောက်တိုဘာလတွင် ရိတ်သိမ်းကြသည်။ အနည်းဆုံးထွက်နှုန်းမှာ တဧက တင်း ၅၀ မှ အများဆုံး တင်း ၈၀တင်းထွက်သည်။ သွင်းအားစုလိုအပ်ချက်မှမြင့်ဖြစ်ပြီး အမြတ်ရရှိနိုင်မှု နိမ့် သည်။ အဘယ်ကြောင့် ဆိုသော် လက်ရှိစိုက်ပျိုးသော စပါးမျိုးမှာ ထွက်နှုန်းနှင့်အရည်အသွေးညံ့သည်။ ထို့ကြောင့် စပါးမျိုးကောင်းမျိုး သန့် ရရှိရန်လို အပ်သည်။

ပြောင်းဖူးစိုက်ဧကမှာ ၃၀ ဧကခန့်ရှိပြီး ဧပြီနှင့်မေလတို့တွင် စတင်စိုက်ပျိုးပြီး ဇွန်နှင့် ဇူလိုင်လ တို့တွင် ရိတ်သိမ်းကြသည်။ တစ်ဧက အနည်းဆုံး တင်း ၅၀ မှ အများဆုံး တင်း ၇၀၊ ပျမ်းမျှ ၆၀ တင်းနှုန်း ထွက်သည်။ ဈေးကွက်အလုံ အလောက်ရှိပြီး အမြတ်အစွန်း ကောင်းစွာ ရရှိသည်။

ဟင်းသီး/ရွက်ကို ဝင်ငွေရသီးနှံအနေဖြင့် စိုက်ပျိုးကြပြီး မင်းကျမ်းနဲ့မြို့ဟောင်းမနက်ဈေးသို့ သွားရောက် ရောင်း ချကြသည့်အခါ တစ်ခါတစ်ရံ ရောင်းမကုန်သည့်အခါမျိုးလည်း ရှိကြသည်။ ဥယျာဉ်ခြံစိုက်ပျိုးနိုင်သောမြေ(၃၀)ဧကရှိပြီး၊ နှစ်ရှည်ပင် အုန်းပင်၊ ငှက်ပျော၊ ခရင်း စသည်တို့ ကို စီးပွါးဖြစ်စိုက်ပျိုးလေ့မရှိဘဲ အိမ်စားသုံးရန်အတွက်လောက်သာ စိုက်ပျိုးလေ့ရှိကြသည်။ စပါး၊ ဟင်းသီးဟင်းရွက်စသည်တို့အတွက် ဈေးကောင်းမရသောကြောင့် လယ်သမားများ အကျိုးအ မြတ်ရရှိမှုနည်းပါသည်။ မိုးရီးဖလာစိုက်ပျိုးလာသော ဖော်ပြပါသီးနှံများကိုသာ စိုက်ပျိုးနိုင်ကြပြီး အခြားဈေးကွက်ဝင်သီးနှံ ရွေးချယ်စိုက်ပျိုးနိုင်ခြင်းမရှိပါ။ သီးနှံထုတ်လုပ်မှုမှ ဝင်ငွေနည်းသည့်အတွက် လူငယ်များသည်ပြင်ပသို့ ထွက်၍ဝင်ငွေရှာကြရပါသည်။ အကျိုးဆက်အနေဖြင့်သီးနှံထုတ်လုပ်မှုတွင် လုပ် သား ရှားပါးလာပါသည်။

ကျေးရွာအနီးသယံဇာတအနေဖြင့် တာပိန်မြစ်အတွင်း သဲကျောက်ရရှိနိုင်သည် အလွယ်တကူ ရရှိနိုင်သည်။

ကျေးရွာတွင် မြေယာမဲ့ နှင့်ဆင်းရဲသားတောင်သူ ၃၅ အိမ်၊ တောင်သူ ငယ် ၅၄ အိမ်၊ တောင်သူလတ် ၇၇အိမ်နှင့် တောင်သူကြီး၂၂ အိမ်ရှိသည်။ မြေယာမဲ့၊ ဆင်းရဲသားတောင် သူနှင့် တောင် သူငယ်သည် အရေအတွက်အားဖြင့် (၈၉) ဦးရှိသော်လည်း မြေယာပိုင်ဆိုင်မှုမှာနည်းပြီး တောင်သူ လတ်နှင့် တောင်သူကြီးမှာ အရေအတွက်မှာ (၂၉) အိမ်သာရှိပြီး နည်းသော်လည်း မြေယာပိုင်ဆိုင်မှု အလွန်များသည်ကို တွေ့ရသည်။ မြေယာပိုင်ဆိုင်မှု မညီမျှမှုရှိကြောင်းတွေ့ ရသည်။

ကျေးရွာတွင် အိမ်မွေးတိရိစ္ဆာန်များကို အိမ်တိုင်းနီးပါး မွေးမြူကြသော်လည်း စီးပွါးဖြစ်မွေးမြူ လေ့ မရှိကြပါ။ နွားကို ၅၀ အိမ်မှ ၃၂၈ ကောင်၊ ကျွဲကို ၃၂ အိမ်မှ ၁၃၇ ကောင်၊ ကောင်၊ ဝက်ကို ၉၂ အိမ်မှ ၃၁၃ ကောင်နှင့် ကြက်ကို ၈၂ အိမ်မှ ၆၂၉ မွေးမြူကြသည်။ မွေးမြူရေးနှင့် ပါတ်သက်၍ဈေးနှင့်နီးပြီး ဈေးကွက်အလုံလောက်ရှိပြီးတိုးမြှင့်မွေးမြူလိုကြသော်လည်း မွေးမြူရေး ချေးငွေမရှိ။ အရင်းအနှီးနည်း သည်။သားသတ်လိုင်စင်၏ခေါင်းပုံဖြတ်မှုခံရသည်။လွတ်လပ်စွာ ရောင်းချခွင့်မရှိကြသောကြောင့်ဈေး ကောင်းမရ၊အကျိုးအမြတ်နည်းနေသေးသည်။နှစ်စဉ်ရာသီ အလိုက်ရောဂါများဆိုးရွားစွာကျရောက်လေ့ရှိပြီးကျေးရွာတွင်တိမွေးကုသင်တန်းဆင်း၂ဦးရှိပြီးလိုအပ် သည့်အချိန်တွင်ဝန်ဆောင်မှု အလွယ်တကူ ရနိုင်ကြသည်။

**(ဃ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ**

ကျေးရွာတွင်တရွာလုံးအဝီစိတွင်းတုံကင် အသုံးပြုကြသော်လည်းရေအရည်အသွေး ကောင်း/ မကောင်း မသိကြပါ။ ထို့ကြောင့် သောက်ရေအရည်အသွေးစစ်ဆေးရန်လိုအပ်သည်။ အချို့ သောက်ရေတွင်းများမှာ မိုးနှင့် ဆောင်းသာ ရေလုံလောက်မှုရှိပြီး နွေရာသီတွင် လုံလောက်မှုမရှိပါ။ ထို့ကြောင့် ရေတွင်းအသစ် တူးဖေါ် ခြင်းနှင့် ရေတွင်းဟောင်းပြုပြင်ခြင်းပြုလုပ်ရန်လိုအပ်သည်။

ကျေးရွာတွင် မူလတန်းကျောင်းရှိသည်။ ကျောင်းဆောင် နှစ်ခုရှိပြီးအကျယ်အဝန်းမှာ အလျား ၈၀ ၊ အနံ၃၀ စတု ရန်းပေ ၄၈၀၀ ရှိသော ကြောင့် စာသင်ကျောင်းဆောင် အကျယ်အဝန်း လုံလောက်မှုရှိသော်လည်း မူကြိုကျောင်း ရှိသော ကြောင့် အဆောက်အဦးလုံလောက်မှုမရှိပါ။ ဆရာ/ဆရာမ ဦးရေ ၆ ယောက်ရှိ သဖြင့် ဆရာ/ဆ ရာမ အရေအတွက်အားဖြင့် လုံလောက်မှု ရှိသည်။ ကျောင်းအိမ်သာ အခြေအနေ အသင့်အတင့် ကောင်းမွန်သော်လည်းလုံလောက် မှုမရှိပါ။ကျေးရွာတွင်းလမ်းများမှာမြေသားလမ်းဖြစ်သော ကြောင့်ပွင့်လင်း ရာသီတွင်သွားလာရန် အဆင်ပြေသော်လည်းမိုးရာသီတွင်ပွက်အိုင်များဖြစ်ပြီးသွားလာရန်ခက်ခဲပါသည်။ကျေးရွာချဉ်းကပ် လမ်းသည်မြေနီလမ်းဖြစ်သောကြောင်းမိုးရာသီအချိန်တွင်သွားလာရန်အလွန်ခက်ခဲပါသည်။ကျောက် ချောလမ်းခင်းရန်လိုအပ်ပါသည်။ကျေးရွာ ချင်းဆက်လမ်းသည်လည်းမြေသားလမ်းဖြစ်သောကြောင့် မိုးရာသီတွင်သွားလာနိုင်ခြင်းမရှိပါ။တနှစ်ပတ်လုံးသွား လာနိုင်ရန်ကျောက်ချောလမ်းခင်းရန်လိုအပ် ပါသည်။ ကျေးရွာတွင်ကွန်ကရစ်တံတားတစ်ခုရှိပြီး ယူအမ်(လ်)ဟက် ပီးတက်က၂၀၁၄ခုနှစ် တွင်တည်ဆောက်ပေးပြီး လက်ရှိအချိန်ထိကောင်းမွန်နေပါသည်။ သစ်သားတံတား၁စင်း ရှိပြီး ၂၀၀၆ခုနှစ်ကပြုလုပ်ခဲ့သည်။ လက်ရှိ အချိန်တွင်သစ်သားများပျက်ဆီးနေ ၍ပြုပြင်ရန်လို အပ် ပါသည်။ကျေးရွာတွင်ဆေးခန်းမရှိသောကြောင့် ကျေးရွာတွင်းရှိအိမ်တစ်အိမ်တွင်ဌား၍ဆေးခန်းအ ဖြစ် အသုံးပြုနေသည်။ဆေးခန်းသုံးပစ္စည်း ကိရိယာများလည်းလုံ လောက်မှုမရှိပါ။တိုက်နယ် ဆေးရုံနှင့်၃မိုင်ခန့်ကွာဝေးသည်။အရေးပေါ်ကိစ္စဖြစ်ပါအရေးပေါ်သွားလာရန်ယာဉ်မရှိသောကြောင့် အရေးပေါ်ကိစ္စများအတွက်များစွာအခက်အခဲရှိသည်။ထို့ကြောင့်အရေးပေါ်ယာဉ်လိုအပ်သည်။

ကျေးရွာတွင်တစ်ရွာလုံး ယင်လုံအိမ်သာအသုံးပြုကြသည်။ကျေးရွာတွင် မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီသုံးစွဲသူအိမ်ထောင်စု၇၁၊ဆိုလာစနစ်သုံးစွဲသူ၄၇အိမ်ထောင်စုရှိပါသည်။ လျှပ်စစ်မီးသုံးစွဲရာ တွင်မီးခဏခဏပျက်လေ့ရှိပသည်။

ကျေးရွာတွင်ဈေးမရှိပါ။မင်းကြမ်းကျေးရွာနှင့်မြို့ဟောင်းရွာ မနက်ခင်းပိုင်ဈေးတွင်သွားရောက် ဝယ်ယူကြသည်။ဈေးထဲတွင် စားသောက် ကုန် ကုန်စိမ်း၊ ကုန်ခြောက်သာ ဝယ်ယူ ရရှိနိုင်သည်။ဈေးအဆောက်အဦးမှာညံ့သည်။မနက်အချိန်တွင်သာဈေးရှိခြင်း၊ကုန်မျိုးစုံဝယ်ယူရရှိနိုင် ခြင်းမရှိဘဲ စားကုန် ကုန်စိမ်း၊ ကုန် ခြောက်သာ ရရှိနိုင်သော ကြောင့် ဈေးဝန်ဆောင်မှုညံ့သည်။

(င) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ကျေးရွာတွင်ကိုယ်ပိုင်ဖွံ့ဖြိုးရေးရန်ပုံငွေချေးငွေအဖွဲ့တစ်ဖွဲ့သာရှိသောကြောင့်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်ရန်ချေးငွေလုံလောက်မှုမရှိပါ။အစိုးရဘဏ်၊သမဝါယမ ချေးငွေများ ရရှိပါကပို၍အဆင်ပြေပါသည်။လက်ရှိအချိန်တွင်ငွေချေးလိုပါကဆွေမျိုးများထံတွင် ချေးရသောကြောင့်ကာ လ ကြာချေးယူရန် အဆင် မပြေသော ကြောင့် အခက်ခဲရှိပါသည်။

(စ) ပညာရေး

ကျေးရွာတွင် ၅ နှစ်အထက်လူဦးရေ (၅၉၀) ရှိသည့်အနက် စာမတတ်သူ ၁၉ ဦး (ကျား ၆၅ + မ ၉၅)၊ မူလတန်းအဆင့် အတန်းပညာပြီး မြောက် သူ၂၄၈ (ကျား ၁၂၆၊ မ ၁၂၂) ဦး၊ အလယ်တန်းအဆင့် အတန်းပညာပြီးမြောက်သူ ၁၉၁ဦး (ကျား ၁၀၅၊ မ ၈၆)ဦး၊ အထက်တန်းအဆင့်အဆင့်အတန်း ပညာပြီး မြောက်သူ ၃၆ဦး (ကျား၁၀၊ မ ၂၆) ဦး၊ တက္ကသိုလ်၊ကောလိပ်အဆင့် အတန်းပညာပြီး မြောက်သူ (၁၁) (ကျား ၃၊ မ ၈) ဦးရှိသဖြင့် ကျေးရွာ၏ စာတတ်မြောက်မှု နည်း သည်ကိုတွေ့ရှိရပြီး အမျိုးသမီးများသည် အမျိုးသားများထက် ပညာတတ် မြောက်သူဦး ရေပိုများသည်ကိုတွေ့ရသည်။

ကျေးရွာတွင် ၅ နှစ်အောက်ကလေးငယ် ၄၀ ဦးရှိသည့်အနက် ၂၀ ဦးမှာ မူကြိုကျောင်းတက်ရောက်နိုင်ကြသည်။မူလတန်းကျောင်းသားအရွယ်၆၆ဦးရှိသည့်အနက်လက်ရှိ မူလတန်းတက်ရောက် သူမှာ ၇၀ ဦးတက်ရောက်နေသည်ကိုတွေ့ရသဖြင့်အလယ်တန်းအရွယ်ကျောင်းသား၄ဦးသည် မူလတန်းတွင် တက်ရောက်နေသည် ကိုတွေ့ရသည်။ အလယ်တန်းကျောင်းသားအရွယ် ၇၃ရှိသည့်အနက် လက်ရှိ အလယ်တန်းကျောင်းတက်သူမှာ၅၉ဦးရှိပြီး၈၀%သာကျောင်း တက်နိုင်သည်။ အကြောင်းမှာကျေးရွာတွင်မူလ တန်းအဆင့်ထိသာရှိပြီးအလယ်တန်းကိုရွာနှင့် ၃ မိုင်ခန့်ကွာဝေးပြီးသွားလာရန်ခက်ခဲသော အထကမြို့သစ် ကျောင်း တွင် သွားတက်ရသည်ကို တွေ့ရသည်။အထက် တန်းကျောင်း သား ဦးရေမှာ (၁၂) ရှိပြီး တက္ကသိုလ်/ကောလိပ် တက်ရောက်နေသူ (၉) ဦးနှင့် ဘွဲ့ရသူ ဦးရေမှာ (၇)ဦး ရှိသည်ကို ကြည့်ခြင်းဖြင့် ကျေးရွာ၏ ပညာရေးအားနည်းနေသည်ကိုတွေ့ရသည်။

ကျေးရွာတွင် မူလတန်းကျောင်းရှိသည်။ ကျောင်းဆောင် နှစ်ခုရှိပြီးအကျယ်အဝန်းမှာ အလျား ၈၀ ၊ အနံ ၃၀စတု ရန်းပေ ၄၈၀၀ ရှိသော ကြောင့် စာသင်ကျောင်းဆောင် အကျယ်အဝန်းလုံလောက်မှုရှိသော်လည်း မူကြိုကျောင်း ရှိသော ကြောင့် အဆောက်အဦးလုံလ

ောက်မှုမရှိပါ။ ဆရာ/ဆရာမ ဦးရေ ၆ ယောက်ရှိ သဖြင့် ဆရာ/ဆ ရာမ အရေအတွက်အားဖြင့် လုံလောက်မှုရှိသည်။ ကျောင်းအိမ်သာ အခြေအနေ အသင့်အတင့် ကောင်းမွန်သော်လည်း လုံလောက်မှုမရှိပါ။

(ဆ) ကျန်းမာရေး

အဖြစ်များသောရောဂါများမှာဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွါးမှုနိမ့်သည်။ ဆင်းရဲသားများမှာခြင်ထောင်မသုံးစွဲနိုင်ခြင်း၊ရေဝပ်ခြင်းနှင့် ခြံပုတ်များရှိပြီး ခြင်ပေါသဖြင့် သွေးလွန်တုတ်ကွေးအဖြစ် များသည်။ ငှက်ဖျားရှိသော်လည်း ဖြစ်ပွါးမှုနိမ့်သည်။ အသက်ရှုလမ်းကြောင်းကူးစက်ရောဂါနှင့် လိင်မှတဆင့်ကူးစက်နိုင်သော ရောဂါ၊ တီဘီရောဂါနှင့် အဟာရ ချို့တဲ့မှုရောဂါများဖြစ်ပွါးမှုနိမ့်သည်။ဟင်းချိုမှုန့်အလွန်အကျွံသုံးခြင်း၊ဓါတုဆေးဝါးပါသောအသားငါး၊ဟင်းသီး/ ရွက်နှင့် အသီးများ၊အရောင် ချွတ်ဆေးပါသော အစားအစာများကို နေ့စဉ် မလွဲမရှောင်သာစားသောက်နေရခြင်း၊ကျန်းမာရေးလေ့ကျင့်ခန်းပြုလုပ်သည့် အလေ့အထမရှိခြင်းတို့ကြောင့် ဆီးချို၊ သွေးတိုး ရောဂါမှာ အဆိုးဆုံးဖြစ်ပွါးပြီး ကျန်းမာရေးဆေးကုသစရိတ် ကုန်ကျမှုများကြသည်။ အသည်းရောင်ရောဂါ(ဘီ၊စီ)မှာလည်းအသက်ရှုလမ်းကြောင်းမှတဆင့်ကူးစက်ခြင်းနှင့် လူအသုံးအဆောင်များကို ရောဂါရှိသူများနှင့် အတူသုံးစွဲရာ မှတဆင့် အလွယ်တကူ ကူးစက်နိုင်သော ကြောင့် အသည်းရောင်ရောဂါ(ဘီ၊စီ)အဖြစ်များသည်။ကျေးရွာတွင်အခြားကူးစက်နိုင်သော ရောဂါများမရှိပါ။ ကျန်းမာရေးဗဟုသုတလည်းအားနည်းသည်။ထို့ကြောင့်ကျေးရွာကျန်းမာရေးအနေဖြင့် ကျန်းမာရေးပညာပေးသင်တန်း၊ကျန်းမာရေးလေ့ကျင့်ခန်းသုံး ကရိယာများ လိုအပ်လျက်ရှိပြီး စားသုံးသူရပိုင်ခွင့်ဥပဒေပြဌာန်းပေးရန်လိုအပ်ပါသည်။ကျေးရွာတွင်အဆုတ်၊ ဝက်သက်နှင့်အခြားစုပေါင်းကာကွယ်ဆေးများ ထိုးပေးခြင်းမရှိပါ။ကျန်ကာကွယ်ဆေးများ ပုံမှန် ထိုးပေးလေ့ရှိသည်။

ကျေးရွာတွင်ဆေးခန်းမရှိသောကြောင့်ကျေးရွာတွင်းရှိအိမ်တစ်အိမ်တွင်ငှား၍ဆေးခန်းအဖြစ်အသုံး ပြု နေသည်။ဆေးခန်းသုံးပစ္စည်းကိရိယာများလည်းလုံလောက်မှုမရှိပါ။တိုက်နယ်ဆေးရုံနှင့် ၃မိုင်ခန့်ကွာဝေးသည်။အရေးပေါ်ကိစ္စဖြစ်ပါအရေးပေါ်သွားလာရန်ယာဉ်မရှိသောကြောင့်အရေး ပေါ်ကိစ္စများ အတွက်များစွာ အခက်အခဲ ရှိသည်။ ထို့ကြောင့် အရေးပေါ်ယဉ်လိုအပ်သည်။

(ဇ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

မြေဆီဩဇာတိုးဖောက်ပြန်ခြင်းနှင့်ဓါတုဆေးဝါးများကို စနစ်တကျသုံးစွဲခြင်းမရှိသောကြောင့် ဖျက်ပိုးနှင့်ရောဂါကာကွယ်ထိန်းချုပ်မှုတွင်လည်းအန္တရာယ်ရှိမှုမြင့်သည်။ သစ်တောပြုန်းတီး မှုကြောင့် ရေထွက်နှင့် ရေအရင်းအမြစ်များ ခမ်းခြောက်လာသဖြင့်ရေအရင်းအမြစ်များ အန္တရာယ်ရှိမှုလတ်ဖြစ်သည်။ဘက်ထရီဖြင့် ရှော့တိုက်ခြင်း၊ ပိုးသတ်ဆေးဘူး ခွံများကို လယ်များ၊ ချောင်းများတွင်စည်းကမ်းမဲ့စွန့်ပစ်ခြင်းကြောင့် ငါးမျိုးကွဲများ ပြုန်းတီးလာကြပြီး အန္တရာယ် ရှိမှု မြင့်သည်။ မိုးရာသီ မိုးရက်ဆက်ရွာသွန်းလျှင် စပါးခင်းများ ရေနစ်မြုပ်ခံရသောကြောင့် အချို့ တောင်သူ များ၏ စပါးခင်းများရေနစ် ပျက်စီး၍ နောက်တကြိမ် ပြန်လည်စိုက်ပျိုးရခြင်းများ ကြုံ တွေ့ကြရသည်။

(ဈ) ကျား – မ ရေးရာ

ကျေးရွာတွင် စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများတက်ကြွစွာ ပါဝင် မှု ခေါင်းဆောင်မှု ရှိသော်လည်းအားနည်းပါသည်။လူထုမှရွေးချယ်တင်မြှောက်ကြသော်လည်းအမျိုးသမီးများမိမိကိုယ်

မိမိယုံကြည်မှု အားနည်းနေသေးသောကြောင့်တာဝန်ယူနိုင်ခြင်းမရှိသေးပါ။ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်း များတွင် တက်ကြွစွာ ပါ ဝင်ဆောင်ရွက်ကြသော်လည်း လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိမိန်း ကလေးများ /အမျိုး သမီးများအား သံသယဖြစ်ဖွယ်အကြမ်းဖက်မှု(သို့) ဝိုင်ကြားမှု များနှင့် လွန်ခဲ့သောနှစ် အတွင်း ကျေးရွာအတွင်းရှိမိန်းကလေး များ/အမျိုး သမီးများအားသံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ မရှိ ပါ ။ ထို့ကြောင့် အမျိုးသမီးများစွမ်းဆောင် ရည်မြှင့်တင်ရေးသင်တန်းများ၊အိမ်တွင်း အကြမ်းဖက်မှုကာ ကွယ်တား ဆီးရေးသင်တန်းနှင့်ဥပဒေများကိုအမြင့်ဖွင့်သင်ကြားခြင်းများ လယ်ယာစိုက်ပျိုးရေး လုပ်ငန်း များတွင် အမျိုးသားနှင့် အမျိုးသမီးလုပ် အားခတန်းတူရကြပြီး အမျိုးသားလုပ်အားခ အများဆုံး ၈၀၀၀ကျပ်နှင့်အမျိုးသမီး လုပ်အားခအများဆုံး၇၀၀၀ကျပ်ရရှိပါသည်။ကျွမ်း ကျင်မှုကိုခြေခံ သောဆောက်လုပ်ရေးလုပ်ငန်းတွင် အမျိုးသားလုပ်အားခ၈၀၀၀ကျပ်နှင့်အမျိုးသမီးလုပ်အားခ ၅၀၀၀ ကျပ် ရရှိသည်။ဆောက်လုပ်ရေးလုပ် ငန်းရှာတွင် ကျား/မ လုပ်အားခ သိသာစွာ ခွဲခြားမရှိသည်ဟု ဆိုနိုင်ပါသည်။

ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ဦးစားပေး အဆင့် |
|---|---|---|---|
| ၁ | ပညာရေးဖွံ့ဖြိုးမှုစီမံကိန်း | ၁။ ကျောင်းသုံးပရိဘောဂ<br>၂။ ပညာရေးဝန်ထမ်းအိမ်ယာဆောက်လုပ်ခြင်း | ၅ |
| ၂ | ကျန်းမာရေးဖွံ့ဖြိုးမှုစီမံကိန်း | ၁။အရေးပေါ် လူနာတင်ယဉ်<br>၂။ ဆေးပေးခန်းတည်ဆောက်လိုခြင်း | ၂ |
| ၃ | လမ်းတံတားနှင့် အခြေခံအဆောက်အဦဖွံ့ဖြိုးမှုစီမံကိန်း | ၁။ ရွာတွင်လမ်းကွန်ကရစ်ခင်ခြင်း<br>၂။ ကုန်ထုတ်လမ်းပြုပြင်ခြင်း<br>၃။ ရွာတွင်းအုတ်ခုံတံတားပြုပြင်လိုခြင်း | ၁ |
| ၄ | စိုက်ပျိုးရေးသီးနှံထုတ်လုပ်မှုဖွံ့ဖြိုးရေးစီမံကိန်း | ၁။ စပါးမျိုးကောင်းမျိုးသန့် ရရှိရေး<br>၂။ လယ်ယာသုံးစက်ကရိယာ အရစ်ကျ ရောင်း ချခြင်း | ၇ |
| ၅ | စိုက်ပျိုးရေးနည်းပညာဖွံ့ဖြိုးရေးစီမံကိန်း | ၁။ ဘက်စုံပိုးမွှားကာကွယ်နှိမ်နင်းမှု သင်တန်း<br>၂။ သဘာဝမြေဆွေးပြုလုပ်နည်းသင်တန်း<br>၃။ ကိုင်းကူးကိုင်းဆက်သင်တန်း<br>၄။သီးလှည့်စိုက်ပျိုးနည်းသင်တန်း | ၈ |
| ၆ | မွေးမြူရေးနည်းပညာဖွံ့ဖြိုးမှုစီမံကိန်း | ၁။ တိရိစ္ဆာန်မွေးကုမွှမ်းမံသင်တန်း | ၉ |
| ၇ | ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု ဖွံ့ဖြိုးရေးစီမံကိန်း | ၁။ အတိုးနှုံးသက်သာသော နှစ်ရှည်ချေးငွေ<br>၂။ မြစိမ်းရောင်ချေးငွေ | ၆ |
| ၈ | အသက်မွေးဝမ်းကျောင်းနည်းပညာဖွံ့ဖြိုးမှုစီမံကိန်း | ၁။ စက်ချုပ်သင်တန်း<br>၂။ ဆိုင်ကယ်၊ ကား စက်ပြင်သင်တန်း<br>၃။ ဖုန်း လျှပ်စစ်ပြုပြင်သင်တန်း<br>၄။ ယို ဝိုင်ပြုလုပ်နည်းသင်တန်း | ၄ |
| ၉ | လူငယ်ဖွံ့ဖြိုးရေးစီမံကိန်း | ၁။ ခေတ်မီစာကြည့်တိုက်ထူထောင်ခြင်း<br>၂။ ဘောလုံးကွင်းဖောက်လုပ်လိုခြင်း<br>၃။ အားကစားပစ္စည်းများပံ့ပိုးပေးပါရန် | ၃ |
| ၁၀ | သဘာဝဘေးလျော့ချရေးဖွံ့ဖြိုးမှုစီမံကိန်း | ၁။ မီးသတ်ရေကန်တည်ဆောက်ခြင်း | ၁၀ |

| | | | |
|---|---|---|---|
| ၁၁ | သဘာဝပါတ်ဝန်းကျင် ထိန်းသိမ်းရေးဖွံ့ဖြိုးမှု စီမံကိန်း | ၁။ အမျိုက်သိမ်းယာဉ်ထူထောင်ခြင်း | ၁၁ |
| ၁၂ | မှုဝါဒများ | ၁။ ကျားမလုပ်အားခတန်းတူရရှိရေး | ၁၂ |

ဖွံ့ဖြိုးရေးဗျူဟာ ဇယား

| ပြဿနာ | ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ် | ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည့် အရင်းအနှီးများ/အခြေအနေကောင်းများ | ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားများ | ဖြစ်နိုင်ဖွယ်ရာဖြေရှင်းနည်းလမ်းများ | ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း |
|---|---|---|---|---|---|
| ၁။ ကဏ္ဍ - ပညာရေး | | | | | |
| မူကြိုကျောင်းသင်ထောက်ကူပစ္စည်း လုံလောက်မှုမရှိ။ | ကိုယ်ထူကိုယ်ထဖြစ်ခြင်း ကြောင့်ငွေကြေးမတတ်နိုင် ကြပါ။ | ဒေသတွင်း အလွယ် တကူ ဝယ်ယူရရှိနိုင်သည်။ | ငွေကြေးမတတ်နိုင်ကြပါ။ | ပညာရေးဌာနသို့ အခက်အ ခဲ များ တင်ပြ ခြင်း။ | မူကြိုကျောင်းသင် ထောက် ကူပစ္စည်းများ ထောက်ပံ့ခြင်း |
| ကျောင်းသုံးပရိဘောဂလုံလောက်မှုမရှိ။ | ကျောင်းသားအရေအတွက် တိုးလာခြင်းနှင့် ပရိဘောဂအချို့ဟောင်းနွမ်းပျက်စီး ခြင်း။ | ဆောက်လုပ်ရေးပစ္စည်းများဒေသအတွင်းအလွယ်တကူဝယ်ယူရရှိနိုင်သည်။ ကျွမ်းကျင်သော လက်သမား၊ ပန်းရံရှိသည်။ | ငွေကြေးနှင့် နည်းပညာမတတ် နိုင်ကြပါ။ | ပညာရေးဌာနသို့ အခက်အ ခဲများ တင်ပြခြင်း။ | ကျောင်းသုံးပရိဘောဂ |
| ပြင်ပမှ တာဝန်ကျသည့် ပညာရေးဝန်ထမ်းများ နေစရာအ ခက်အခဲရှိသည်။ | ဝန်ထမ်းအိမ်ယာသီးသန့်မရှိ။ | ဆောက်လုပ်ရေးပစ္စည်းများဒေသအတွင်း အလွယ်တကူဝယ်ယူရရှိနိုင်သည်။ ကျွမ်းကျင်သော လက်သမား၊ ပန်းရံရှိသည်။ | ငွေကြေးမတတ် နိုင်ကြပါ။ | ကျေးလက်ဦးစီးဌာနနှင့်ဆက် သွယ်တင်ပြခြင်း | ပညာရေးဝန်ထမ်းအိမ် ယာဆောက်လုပ်ခြင်း |
| ၂။ ကဏ္ဍ- ကျန်းမာရေး | | | | | |
| လူနာများအရေး ပေါ်သွား | အရေးပေါ်သွားလာရန် ယာဉ် မရှိ။ | အရေးပေါ်ယဉ် ဒေသ အတွင်းဝယ်ယူရရှိ နိုင်သည်။ | ငွေကြေးအရင်းအနှီးမရှိ။ | ကျေးလက်ဦးစီးဌာန၊ ကျန်း မာ ရေးဌာနတို့နှင့် | ၁။အရေးပေါ်လူနာ တင်ယာဉ်ထူထောင် ခြင်း |

| | | | | | |
|---|---|---|---|---|---|
| လာရာတွင် အခက်အခဲရှိသည်။ | | | | ဆက် သွယ်အကူ အညီရယူခြင်း။ | |
| သာမာန်အများအနာအဖြစ်များသည်။ | ကျန်းမာရေးဗဟုသုတနည်း သည်။ | ဒေသအတွင်း ကျန်းမာရေးဌာနှင့် ကျန်းမာရေးနှင့်ဆိုင်သော ပညာပေးအဖွဲ့များရှိသည် | ဖွံ့ဖြိုးရေးအဖွဲ့များနှင့်ချိတ်ဆက်မှုအားနည်းနေသေးသည်။ | ကျေးလက်နှင့်ကျန်းမာရေးဌာန များမှတဆင့်တင်ပြခြင်း။ | ကျန်းမာရေးအသိ ပညာ ပေးသင်တန်း |
| ကျေးရွာတွင်ဆေးပေးခန်းမရှိ | ဆေးပေးခန်းဆောက်လုပ်ရန်ငွေကြေးလုံလောက်မှုမရှိ။ | ဆေးပေးခန်းတည်ဆောက်ရန်မြေနေရာရှိသည် | ကုန်ကျစရိတ် မတတ်နိုင်ကြပါ။ | ကျေးလက်ဦးစီးဌာနမှတဆင့်<br>ကျန်းမာရေးဦးစီးဌာနသို့တင် ပြခြင်း။ | ကျေးရွာဆေးပေးခန်းတည်ဆောက်ခြင်း |

| ၃။ ကဏ္ဍ- အသက်မွေးဝမ်းကျောင်း နည်းပညာ | | | | | |
|---|---|---|---|---|---|
| အသက်မွေးဝမ်းကျောင်းနည်းပညာကျွမ်းကျင်မှုအားနည်းသည်။ | အသက်မွေးဝမ်းကျောင်းနည်းပညာ သင်တန်းများ တက်ရောက်နိုင်ခြင်း မရှိ။ | သင်တန်းကုန်ကျစရိတ်မတတ်နိုင်ကြပါ။ | ဒေသတွင်း အသက်မွေးဝမ်းကျောင်း နည်းပညာသင်ကြား ပေးသော ဖွံ့ဖြိုးရေးအဖွဲ့များ ပုဂ္ဂလိက အဖွဲ့များရှိသည်။ | ကျေးလက်ဦးစီးဌာနသို့တင်ပြ အကူအညီတောင်းခံခြင်း | အသက်မွေးဝမ်း ကျောင်း နည်းပညာ သင်တန်းများ<br>၁။ အလှပြင်သင်တန်း<br>၂။ စက်ချုပ်သင်တန်း<br>၃။ ဆိုင်ကယ်၊ ကား စက် ပြင်သင်တန်း |
| ၄။ ကဏ္ဍ- လူငယ်ဖွံ့ဖြိုးရေးစီမံကိန်း | | | | | |
| ရိုးရာယဉ် ကျေးမှုထိန်းသိမ်းမှုအားနည်းသည်။ | တိုင်းရင်းသားရိုးရာပွဲများကိုစည်ကားသိုက်မြိုက်စွာနှစ်စဉ်ပုံမှန်ကျင်းပနိုင်ခြင်း မရှိ။<br>လက်ဆင့်ကမ်းအမွေပေး | ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်း သောသက်ကြီးရွယ်ကြီးများရှိသည်။<br>တိုင်းရင်းသားယဉ်ကျေးမှု | ယခုအခါ ရိုးရာပွဲများကိုနှစ်စဉ်ကျင်းပနိုင်ခြင်းမရှိ<br>။<br>ဆန်းသစ်မှုမရှိကြပါ။ | တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း | ရိုးရာတီးဝိုင်း/ ခေတ် ပေါ်တီးဝိုင်းထူထောင် ခြင်း |

| | | | | | |
|---|---|---|---|---|---|
| | မှု ဆက်ခံမှု အားနည်းသည်။ | အဖွဲ့ များရှိသည်။<br>ယခင်ကရိုးရာပွဲများကို စည်ကားသိုက်မြိုက်စွာ နှစ်စဉ်ကျင်းပခဲ့ကြသည်။ | | | |
| အားကစားကွင်းမရှိ။ | အားကစားကွင်း ပြုလုပ်ရန်ပူးပေါင်းပါဝင်မှု အားနည်းခြင်း | အားကစားကွင်းပြုလုပ်ရန် မြေနေရာရှိသည် | ငွေကြေးမတတ်နိုင်ကြပါ။ | ကျေးလက်ဦးစီးဌာနမှတဆင့်ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာနသို့ တင်ပြခြင်း | အားကစားကွင်းဖောက်လုပ်ခြင်း |
| လူငယ်များစာဖတ်ရန်နေရာမရှိခြင်း။ | ကျေးရွာတွင်စာကြည့်တိုက်မရှိခြင်း။ | စာကြည့်တိုက်ထူထောင်ရန်စိတ်ပါဝင်စားမှုရှိခြင်း | စာကြည့်တိုက်ဆောက်လုပ်ရန်နှင့် စာအုပ်ဝယ်ယူရန် ငွေကြေးမရှိခြင်း | ကျေးလက်ဦးစီးဌာနမှတဆင့်ပြန်ကြားရေးနှင့်ပြည်သူဆက်ဆံရေးဦးစီးဌာနသို့တင်ပြခြင်း | ကျေးရွာတွင်စာကြည့်တိုက်ထူထောင်ခြင်း |
| လူငယ်များလုံခြုံမှုအားနည်း သည်။ | မူးယစ်ဆေးသုံးစွဲသူများလာ ကြသည်။<br>ယဉ်အန္တရာယ်ရှိသည်။ | လူငယ်များလုံခြုံစွာနေ ထိုင်သွားလာလိုကြသည်။ | မူးယစ်ဆေးများကို အလွယ်တကူ ဝယ်ယူသုံးစွဲနိုင် ကြသည်။ | လူငယ်ဖွံ့ဖြိုးရေးကို စီမံ ကိန်းတစ်ရပ်အနေဖြင့် အ လေးထားဆောင်ရွက်ပေး သင့်သည်။ | လူငယ်ဖွံ့ဖြိုးရေးသင်တန်းများ<br>၁။ မူးယစ်ဆေးကာကွယ်တားဆီးရေးအသိပညာပေးသင်တန်း<br>၂။ ယာဉ်စည်းကမ်း/ လမ်းစည်းကမ်းထိန်း သိမ်းမှု အသိပညာပေး သင်တန်း |
| ၅။ ကဏ္ဍ- သယ်ယူပို့ဆောင်ရေးဖွံ့ဖြိုးမှုစီမံကိန်း | | | | | |
| အလုပ်အကိုင်အခွင့်အလမ်းနည်းသည် | ဒေသအတွင်း အလုပ်ရုံ၊ စက်ရုံများမရှိ။ | အလုပ်လုပ်နိုင်သောအရွယ်များစွာရှိသည်။<br>ဒေသတွင်းခရီးသွားလုပ်ငန်းများ ရှိသည်။ | အသက်မွေးလုပ်ငန်းကျွမ်းကျင်မှု အားနည်းသည်။ | တစ်ပိုင်တစ်နိုင်လုပ်ငန်းများ ထူ ထောင်ပေးခြင်း | ၁။ဆိုင်ကယ်တက္ကစီထူထောင်ခြင်း<br>၂။သုံးဘီး၊ဆိုင်ကယ်တက္ကစီ ထူထောင်ခြင်း |
| ၆။ ကဏ္ဍ- လမ်းတံတားနှင့် အခြေခံ အဆောက်အဦဖွံ့ဖြိုးမှု စီမံကိန်း | | | | | |
| ရွာတွင်းလမ်းနှင့် ကုန်ထုတ် | ရွာတွင်းလမ်းနှင့်ကုန်ထုတ်လမ်းများမှာ | လမ်းပြင်ရန်သဲနှင့်ကျောက်ကို ဒေသအတွင်း | ရွာတွင်းလမ်းပြုပြင်ရန်ငွေ ကြေး မတတ် နိုင်ကြ | ကျေးလက်ဦးစီးဌာနသို့တင်ပြ အကူအညီတောင်း | ရွာတွင်းလမ်းပြုပြင် ခြင်း/အဆင့်မြှင့်တင် ခြင်း |

| | | | | | |
|---|---|---|---|---|---|
| လမ်းများမိုးရာသီတွင်သွားလာရ ခက်ခဲသည်။ | မြေသားလမ်းဖြစ်သောကြောင့်မိုးရာသီ တွင်သွားလာရအလွန် ခက်ခဲသည်။ | အလွယ် တကူ အလုံလောက် ရရှိနိုင် သည်။ | ပါ ။ | ခံခြင်း | |
| ၇။ ကဏ္ဍ- အမျိုးသမီးများ စွမ်းဆောင်ရည် မြှင့်တင်ခြင်း ဖွံ့ဖြိုးရေးစီမံကိန်း | | | | | |
| အမျိုးသမီးများစွမ်းဆောင် ရည် အားနည်း သည်။ | ဗဟုသုတ အားနည်းသော ကြောင့် ဖြစ်သည်။ | အမျိုးသမီးများစွမ်းဆောင်ရည်မြှင့်တင်ပေးသော ဖွံ့ဖြိုးရေးအဖွဲ့များ ဒေသအတွင်းရှိသည်။ | အဖွဲ့အစည်းများနှင့်ချိတ်ဆက် မှု အားနည်းသည်။ | ဖွံ့ဖြိုးရေးအဖွဲ့များနှင့်ချိတ်ဆက်၍ ဆောင်ရွက်ခြင်း | ၁။ အမျိုးသမီးများ စွမ်း ဆောင်ရည်မြှင့်တင်ခြင်း သင်တန်း<br>၂။ အမျိုးသမီးကာ ကွယ် စောင့်ရှောက် နည်း သင်တန်း |
| ၈ ။ အဖွဲ့အစည်းဆိုင်ရာစီမံခန့်ခွဲမှု | | | | | |
| ကျေးရွာရှိအဖွဲ့အစည်းများစွမ်းဆောင်ရည်အားနည်းသည်။ (သံသယကင်းအမြင်ရှင်း၍ ထိရောက်သည့် အစုအဖွဲ့ဖြင့် ဆောင် ရွက်တတ်မှုအားနည်း သည်။) | ခေါင်းဆောင်တစ်ဦးတည်းကသာ ဆုံးဖြတ်ချက်ချမှတ်ပြီး ကျန်ရွာသူ/သားများကလိုက်လုပ်နေရခြင်း။ အဖွဲ့အစည်းဆိုင်ရာအခြေခံသဘောတရားနှင့် ဆိုင်သော ဗဟုသုအားနည်းခြင်း(ရပ် ရေး၊ ရွာရေးကိစ္စ များကို အရေးပေါ်လာ မှသာသင့်သလိုလုပ်လေ့ရှိကြပြီး၊ရေရှည်အတွက် ကြိုတင် မျှော်မှန်း ပြင်ဆင့်သည့် အလေ့အထ မရှိခြင်း။) | ကျေးရွာတွင်ကျေးရွာ၏ဖွံ့ဖြိုးရေးကို သီးခြားစီးတာဝန်ခွဲလုပ်ကိုင်နေကြသောအဖွဲ့အစည်းများစွာရှိသည်။ (ကျေးရွာဘက်စုံဖွံ့ဖြိုးရေးနှင့် အဖွဲ့အစည်းစနစ်ဖွံ့ဖြိုးရေးအတွက် အကူအညီများ ရရှိနိုင်မည့် ဖွံ့ဖြိုးရေးအဖွဲ့အစည်းများမိုးမောက်မြို့နယ်အတွင်း ရှိခြင်း ဥပမာ- မေတ္တာဖောင်ဒေးရှင်း၊ ဝေါကွန်ဆန်း၊ ကေအမ်အက်အက်စ်ကျေးလက်ဦးစီးစသည် | လူတိုင်းမွေးရာပါလူ့စွမ်းရည်ရှိကြောင်း သတိမပြုမိကြ ခြင်း။ လူ့စွမ်းရည်မြင့်စေသည့် အခွင့်အလမ်းများမရှိခြင်း ။ | ကျေးရွာအဖွဲ့အစည်းများစွမ်းရည်မြှင့်တင်ပြီး စုပေါင်းဆုံးဖြတ်ချက်ချမှတ်မှု၊ သတင်းအချက်အလက်ဖြန့်ဝေမှု၊ ပေါင်းစပ် ညှိနှိုင်းမှုစနစ်များ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်း။ (အဖွဲ့အစည်းစွမ်းဆောင်ရည်တိုးတက်ရေးဆောင်ရွက်ခြင်း။ ဥပမာထိရောက်သည့် အစည်းအဝေးကျင်းပနည်း ။ အမြင်ရှင်းစေသည့် သတင်းထုတ်ပြန်နည်းများ ။ မှတ်တမ်းမှတ်ရာ ထိန်းသိမ်းခြင်းစသည်… | ကျေးရွာစဉ်ဆက်မ ပြတ် ဖွံ့ဖြိုးရေးအ တွက် အဖွဲ့အစည်း ဆိုင်ရာ စီမံ ခန့်ခွဲမှု ဖွံ့ဖြိုးရေးသင်တန်းများ<br>၁။ အဖွဲ့အစည်းဆိုင်ရာစီမံခန့်ခွဲမှုသင်တန်း<br>၂။အဖွဲ့အစည်းဆိုင်ရာချိတ် ဆက်မှုသင်တန်း<br>၃။စာရင်းနှင့်မှတ်တမ်း ရေးသွင်းမှု သင်တန်း<br>၄။ လေ့လာရေးခရီး |

| | | | | | |
|---|---|---|---|---|---|
| ၉။ ကဏ္ဍ-စိုက်ပျိုးရေး (သီးနှံအထွက်တိုး) ဖွံ့ဖြိုးမှုစီမံကိန်း | | | | | |
| သီးနှံအထွက်နှုန်းနည်းနှင့်သီးနှံ ထုတ်လုပ်မှုနည်း သည်။ | မျိုးကောင်း/သန့်မရှိ။<br>အချိန်မီထွန်ယက်နိုင်ခြင်းမရှိ။<br>စိုက်ပျိုးမြေလုံလောက်မှုမရှိ။ | စိုက်ပျိုးရေးဌာနရှိသည်။<br>လယ်ယာသုံးစက်ကရိယာကုမ္ပဏီနှင့် ပုဂ္ဂလိက ဘဏ်များရှိသည်။<br>မြေလွတ်မြေလပ်များစွာရှိသည်။ | ငွေကြေး မတတ် နိုင်ကြပါ ။<br>ကုမ္ပဏီများ၊ပုဂ္ဂလိက ဘဏ်များနှင့်<br>ဈေးငွေရရှိရေး ချိတ်ဆက်ဆောင်ရွက်ရာတွင်း<br>စိုက်ပျိုး မြေများ ပုံစံ (၇) ရရှိနိုင်ခြင်းမရှိ။<br>စိုက်ပျိုးမြေဖော်ထုတ်ရန်စက်အားမတတ်နိုင်ကြပါ။ | ကျေးလက်ဦးစီးဌာနမှတဆင့် စိုက်ပျိုးရေးဌာနနှင့် ပုဂ္ဂလိက ကုမ္ပဏီနှင့် ဘဏ်များသို့ တင်ပြ အကူအညီတောင်းခံခြင်း | ၁။မျိုးကောင်းမျိုး သန့် ရရှိရေး (စပါး၊ ပြောင်း၊ ဖရဲ)<br>၂။ လယ်ယာသုံးစက် က ရိယာ အရစ်ကျ ရောင်းချ ခြင်း |
| ၁၀။ ကဏ္ဍ- စိုက်ပျိုးရေးနည်းပညာဖွံ့ ဖြိုးမှု စီမံကိန်း | | | | | |
| စိုက်ပျိုးသီးနှံများ ပိုး မွှား ရောဂါကျရောက် မှုများပြီး ထိရောက်စွာကာကွယ်နိုင်နှင်းနိုင်ခြင်းမရှိ။ ပျက်စီးမှုရှိသည်။ | စိုက်ပျိုးရေးနည်းပညာဖွံ့ ဖြိုးမှု အားနည်းသည်။ပြောင်းဖူးသီနှံကိုတစ်နေရာတည်းတွင်နှစ်စဉ်တစ်နှစ်ပါတ် လုံး ၂-၃ ကြိမ် စိုက်ပျိုးပြီး ဓါတ်မြေသြဇာများကိုအလွန် အကျွံအသုံးပြုနေကြ သည်။ | စိုက်ပျိုးရေးနည်းပညာ ပံ့ပိုးပေး သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ ဒေသအတွင်းရှိသည်။ | သင်တန်းတက်ရောက်ရန်ကုန် ကျမှု ငွေကြေးမတတ်နိုင် ကြပါ။ | ကျေးလက်ဦးစီးဌာနမှတဆင့် စိုက်ပျိုးရေးဌာနနှင့် အခြားဖွံ့ဖြိုး<br>ရေးအဖွဲ့များသို့ တင်ပြ အကူ အညီတောင်း ခံခြင်း | စိုက်ပျိုးရေးနည်းပညာ ဖွံ့ ဖြိုးမှုသင်တန်းများ<br>၁။ဘက်စုံပိုးမွှားကာကွယ် နှိမ်နှင်းမှုသင် တန်း<br>၂။ မြေဆီလွှာ ပြုပြင်ထိန်း သိမ်းနည်းသင်တန်း<br>၂။ သဘာဝမြေဆွေးပြု လုပ်နည်းသင်တန်း<br>၃။ သီးလှည့်/သီးရောစနစ် (cropping patterm) (rotate cropping and mix cropping pattern)<br>၄။ ကိုင်းကူးကိုင်းဆက် |
| ၁၁။ ကဏ္ဍ-မွေးမြူရေး ဖွံ့ဖြိုးမှု စီမံကိန်း | | | | | |
| မွေးမြူထားသော ဝင်ငွေရအိမ်မွေးတိရစ္ဆာန်များ | နှစ်စဉ်ရာသီရောဂါများဆိုးရွာစွာကျရောက်လေ့ရှိ သည်။ | မွေးမြူရေးဦးစီးဌာနရှိသည်။<br>ဒေသတွင်းဖွံ့ဖြိုးရေးအဖွဲ့အစည်း များရှိသည်။ | ဝန်ဆောင်မှုအားနည်းနေသေးသည်။<br>အဖွဲ့အစည်းများနှင့်ချိတ်ဆက်မှု | ကျေးလက်ဦးစီးဌာနမှတဆင့် မွေးမြူရေးဌာနနှင့် ဖွံ့ဖြိုးရေးအဖွဲ့အစည်းများသို | မွေးမြူရေးကာကွယ်ဆေးထိုးခြင်း<br>တိမွေးကုသင်တန်း |

| | | | | | |
|---|---|---|---|---|---|
| နှစ်စဉ်ပျက်စီး ဆုံးရှုံးမှု များစွာရှိသည် ။ | | သင်တန်းတက်ရောက်ရန် အရည် အချင်းပြည့်မီသူများရှိသ ည်။ | အားနည်းနေသေးသည်။ | ချိတ်ဆက်အကူ အညီတောင်းခံခြင်း | |
| ၁၂။ ကဏ္ဍ-ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု ဖွံ့ဖြိုးမှုစီမံကိန်း | | | | | |
| တောင်သူများ နှင့်သင့်တော် သောငွေကြေး ဝန်ဆောင်မှုမ ရှိ။ | စိုက်ပျိုးမြေပိုင်ဆိုင်မှု ပုံစံ (၇) မရှိသောကြောင့် စိုက်ဘဏ် ချေးငွေမရကြပါ။ | နိုင်ငံတော်မှ နှစ်ရှည်ချေး ငွေ များပံ့ပိုးပေးလျက် ရှိ သည်။ | လက်ရှိချေးငွေစနစ်များမှာ တောင် သူများ၏ လိုအပ်ချက် နှင့် ကိုက်ညီမှု အားနည်း နေသေးသည်။ | လွှတ်တော်မှတဆင့်တင်ပြ ခြင်း။ | တောင်သူများနှင့် ကိုက်ညီ သော ချေးငွေမူဝါဒများ ချ မှတ်ဆောင်ရွက်ခြင်း (သို့မဟုတ်) အတိုးနှုံးသက်သာ သော နှစ်ရှည်ချေးငွေမွေးမြူရေးချေးငွေအသေးစားနှင့် အလတ် စား လုပ်ငန်းများအ တွက်ချေးငွေထူထောင်ခြင်း မြစိမ်းရောင်ချေးငွေ |
| ၁၃။ ကဏ္ဍ- အမျိုးသမီးများ စွမ်းဆောင်ရည် မြှင့်တင်ခြင်း ဖွံ့ဖြိုးမှု စီမံကိန်း | | | | | |
| အမျိုးသမီး များစွမ်း ဆောင် ရည် အားနည်း သည်။ | ဗဟုသုတ အားနည်း သော ကြောင့် ဖြစ်သည်။ | အမျိုးသမီးများစွမ်းဆောင် ရည်မြှင့်တင်ပေးသော ဖွံ့ဖြိုးရေးအဖွဲ့များ ဒေသအ တွင်းရှိသည်။ | အဖွဲ့အစည်းများနှင့်ချိတ် ဆက် မှု အားနည်းသည်။ | ဖွံ့ဖြိုးရေးအဖွဲ့များနှင့်ချိတ် ဆက် ဆောင်ရွက်ခြင်း | ၁။ အိမ်တွင်းအကြမ်း ဖက်မှုကာကွယ်ခြင်း ဥပဒေသင်တန်း<br>၂။ အမျိုးသမီးများ စွမ်း ဆောင်ရည်မြှင့် တင်ခြင်း သင်တန်း<br>၃။ အမျိုးသမီးကာ ကွယ် စောင့်ရှောက် နည်း သင်တန်း |
| ၁၄။ ကဏ္ဍ-သဘာဝဘေးလျှော့ချရေးဖွံ့ဖြိုးမှုစီမံကိန်း | | | | | |
| ကျေးရွာတွင် ရာသီမ ရွေး၊ အချိန်မရွေး မီးဘေးအန္တရာ ယ် ကျ | မီးဘေးကာကွယ်ရေးအ စီအစဉ်အားနည်းသည်/ မရှိ။ | အရံမီးသတ်တပ်ဖွဲ့ ဖွဲ့စည်းရနိုင် သည်။ | မြို့နယ်မီးသတ်ဦးစီးဌာနနှ င့် ချိတ်ဆက်မှုအားနည်းသ ည်။ | အရံမီးသပ်ဖွဲ့စည်းဖြင်းနှင့် လေ့ ကျင့်ခြင်း | မီးသတ်ရေကန်ဆောက်လုပ်ခြင်းနှင့် လက်ဆွဲမီးသတ် စက်ထူထောင်ခြင်း |

| | | | | | | |
|---|---|---|---|---|---|---|
| ရောက်နိုင်သည်။ | | | | | | |

## ကျေးရွာနှင့် သယံဇာတပြမြေပုံ
## (တိုက်ကျောင်းကျေးရွာ၊ မိုးမောက်မြို့နယ်)



# Ven Diagram (အဖွဲ့အစည်း ချိတ်ဆက်မှု)

တိုက်ကျောင်းကျေးရွာ

ကျေးရွာတွင်းအဖွဲ့

၁. အုပ်ချုပ်ရေးအဖွဲ့.
၂. ရပ်မိ/ရပ်ဖ
၃. ဆယ်အိမ်မှူး
၄. ပေါ်ဒိုင်
၅. မဟာဒိုင်
၆. ကလျှိုင်/လူပျို

ရွာပြင်အဖွဲ့

၁. UNDP



# ရာသီခွင်ပြက္ခဒိန်

ကိုင်းကျောင်းကျေးရွာ
၅.၈ . ၅ . ၆ . ၂၀၁၈

| လများ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု (မိုးခေါင်) | နည်း | နည်း | သင့် | သင့် | များ | များ | များ | သင့် | သင့် | သင့် | နည်း | နည်း |
| ရာသီဥတု (မိုးကြီးခြင်း) | နည်း | နည်း | နည်း | သင့် | သင့် | များ | များ | များ | များ | သင့် | နည်း | နည်း |
| စိုက်ပျိုးရေး | များ | သင့် | သင့် | နည်း | နည်း | များ | များ | နည်း | နည်း | နည်း | သင့် | များ |
| ဝင်ငွေ | များ | နည်း | နည်း | သင့် | နည်း | များ | နည်း | နည်း | နည်း | နည်း | နည်း | နည်း |
| ရေရှားပါးမှု | သင့် | သင့် | များ | များ | သင့် | သင့် | သင့် | သင့် | သင့် | သင့် | သင့် | သင့် |
| ရောဂါ (လူ) | သင့် | သင့် | သင့် | သင့် | များ | များ | သင့် | သင့် | သင့် | သင့် | သင့် | သင့် |
| ရောဂါ (တိရစ္ဆာန်) | သင့် | သင့် | များ | များ | သင့် | သင့် | သင့် | သင့် | သင့် | သင့် | သင့် | သင့် |
| ပွဲတော် | များ | သင့် | သင့် | များ | သင့် | သင့် | သင့် | သင့် | သင့် | များ | သင့် | သင့် |
| သဘာဝဘေး | သင့် | သင့် | သင့် | သင့် | များ | များ | သင့် | သင့် | များ | များ | သင့် | သင့် |

လူမှုစီးပွားရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ (၄၈ ဇယား)

- ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၀ | ၆ | ၁၆ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၂၀ | ၂၀ | ၄၀ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၂၈ | ၃၈ | ၆၆ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၃၇ | ၃၆ | ၇၃ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၀၆ | ၂၁၇ | ၄၂၃ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၁၀ | ၁၈ | ၂၈ |
| စုစုပေါင်း | | ၃၁၁ | ၃၃၅ | ၆၄၆ |
| စုစုပေါင်း အိမ်ထောင်စု (၁၁၈) | | တစ်အိမ်ထောင်ပျမ်းမျှလူဦးရေ= ၅.၄၇ | | |

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ တိုက်ကျောင်းရွာသည် မိုးကောက်မြို့နယ် မင်းကျမ်းကျေးရွာအုပ်စု တိုက်ကျောင်းကျေးရွာဖြစ်ပါသည်။ ကျေးရွာတွင် အိမ်ထောင်စုပေါင်း ၁၁၈ ရှိပြီး လူဦးရေပေါင်း ၆၄၆(ကျား ၃၁၁ + မ ၃၃၅) ရှိသည်။ တစ်အိမ်ထောင်ပျမ်းမျှ ၅.၄၇ ရှိသောကြောင့် လူဦးရေတိုးပွါးမှုမှာ မြန်မာနိုင်ငံ၏ စံနှုံးဖြစ်သော ၅ ယောက်နှုန်းထက် များသည်ကို တွေ့ရသည်။ ကျေးရွာတွင် နို့စို့အရွယ် ကလေးငယ် စုစုပေါင်း ၁၆ဦး၊ ၂.၄၇% သာရှိသဖြင့် ယခုနှစ်များတွင် မွေးဖွါးနှုံ ကျဆင်းလာနေသည်ကိုတွေ့ရသည်။ ၅ နှစ်အောက်ကလေး ၄၀ ဦး (၆.၁၉%) ရှိသည်ကို သိရှိခြင်းအားဖြင့် ကာကွယ်ဆေးထိုးရမည့် ကလေး အရေအတွက်ကို အတိအကျ သိနိုင်ပြီး ကာကွယ်ဆေးထိုးနှံမှု အောင်မြင်မှု အခြေအနေကို အလွယ်တကူ တွက်ချက်နိုင်မည်။ မူလတန်းအရွယ် ကလေး ၆၆ ဦး (ကျား ၂၈+မ၃၈) နှင့် အလယ်တန်းကျောင်း သားအရွယ် ၇၃ဦး (ကျား ၃၇+မ ၃၆ ) သိခြင်းဖြင့် ကျောင်းနေအရွယ်ကလေး တိုင်းကျောင်းနေ နိုင်ခြင်းရှိ/မရှိကို အလွယ်တကူ တိုင်းတာနိုင်မည်။ အလုပ်လုပ်နိုင်သော အရွယ် ၄၂၃ (ကျား ၂၀၆+ မ ၂၁၇)၊ (၆၅.၄၇%) ရှိသောကြောင့် ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေများပြားသည်ကို တွေ့ရသည်။ ၎င်းတို့ကို အလုပ်အကိုင်ဖန်တီးပေးခြင်း၊ အသက်မွေးဝမ်းလုပ်ငန်းများ ကျွမ်းကျင်တတ်မြောက်အောင် စွမ်းရည်မြှင့်တင်ပေးနိုင်ပါက ကျေးရွာဖွံ့ဖြိုးရေးအတွက်များစွာ အ ထောက်အကူဖြစ်မည်။ အလုပ်လုပ်ကိုင်နိုင်သောအရွယ်တွင် အမျိုးသမီး ဦးရေသည် အမျိုးသား ဦးရေ ထက် ၁၁ ဦး (၂.၆%) ပိုများနေသည်ကို တွေ့ရသည်။ ကျေးရွာတွင် သက်ကြီးရွယ်ကြီး၂၈ ဦး (ကျား ၁၀+မ ၁၈) ဦး (၄.၃၃%) ရှိသဖြင့် ကျေးရွာတွင် ကျန်းမာရေးကောင်းမွန်သည်ကို တွေ့ရသည်။ သက်ကြီးရွယ်ကြီးတွင်လည်း အမျိုးသမီးဦးရေသည် ၈ ဦး (၂၈.၅၇%) ပိုများနေသည်ကို တွေ့ရသဖြင့် အမျိုးသမီးများသည် အမျိုးသားများထက် အသက်ရှည် သည်ကိုတွေ့နိုင်သည်။

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၁၄ | ၃၉၁ | | မြင့် + လတ်□ နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် □ လတ်□ နိမ့် □ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | ၁၉၂ | မြင့် □ လတ်+ နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် □ လတ်□ နိမ့် □ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် □ လတ်□ နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် □ လတ်□ နိမ့် □ |
| ၄ | သစ်တောလုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် □ လတ်□ နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် □ လတ်□ နိမ့် □ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | ၂ | မြင့် + လတ်□ နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် □ လတ်□ နိမ့် □ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် □ လတ်□ နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် □ လတ်□ နိမ့် □ |
| ၇ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် □ လတ်□ နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် □ လတ်□ နိမ့် □ |
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် □ လတ်□ နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် □ လတ်□ နိမ့် □ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် □ လတ်□ နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် □ လတ်□ နိမ့် □ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် □ လတ်□ နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် □ လတ်□ နိမ့် □ |
| ၁၁ | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် အိမ်ထောင်စု | အဓိက အလုပ်အကိုင် မိသားစုဝင် လုပ်အား | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၇ | ပညာရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၈ | ကျန်းမာရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၄ | ၉ | | ☒ |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | စုစုပေါင်း | ၁၁၈ | ၄၀၀ | ၁၉၄ | ☒ |

ရင်းမြစ် … (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက် - ကျေးရွာတွင် အိမ်ခြေ ၁၁၈ ရှိသည့်အနက် စိုက်ပျိုးရေးကို အဓိက လုပ်ကိုင်သူ (၁၁၄) အိမ် (ကပ ၁၁၄ )နှင့် ကျပန်းလုပ်ငန်းလုပ်ကိုင်သူ ၄ အိမ်၊ စုစုပေါင်း (၁၁၈) အိမ်ဖြစ်သည်။ ၄င်းတို့အနက် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ ၁၁၄ အိမ်ဖြစ်သည်။ ဇယား (၁) တွင် အလုပ်လုပ်နိုင်သော အရွယ် (၄၂၃) (ကျ၂၀၆+မ ၂၁၇) ဦးရှိသော်လည်း ယခုအလုပ်လုပ်ကိုင်သူ ဦးရေစုစုပေါင်းမှာ (၄၀၀)) ဦးနှင့် အလုပ် လုပ်နိုင်သည့်အရွယ် အထက်တန်းနှင့် တက္ကသိုလ်တက်ရောက်နေသူ စုစုပေါင်း (၂၁) မှအပ ကျန်ကျောင်းမနေတော့သည့် အလုပ်လုပ်သည့်အရွယ် ၂ ဦးမှာ အလုပ်လက်မဲ့ ဖြစ်နေကြသည်။ ၁၁၈ အိမ်မှ အလုပ်လုပ်နေသူ ၄၀၀ ဦးရှိသောကြောင့် မိသားစု စားဝတ်နေရေးအတွက် တစ်အိမ်ထောင်ပျမ်းမျှ ၃.၃ ယောက်အလုပ်လုပ်နေကြောင်း သိနိုင်သည်။ တွဲဖက်လုပ်ငန်း လုပ်ကိုင်သူ ၁၉၄ ဦး ရှိသည်ကို ကြည့်ခြင်းအားဖြင့် ၁၁၈ အိမ်မှ ၁၉၄ ဦးသည်မိသားစု ရပ်တည်ရေးအတွက် လုပ်ငန်း တစ်မျိုးထက်ပို၍ လုပ်နေ ကြရသည်။

**(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၈၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၄၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သစ္စတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၈၀၀၀ | | ၅၀၀၀ | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက် - ကျေးရွာတွင် ဝင်ငွေရလုပ်ငန်း ၄ မျိုးရှိသည်ကို တွေ့ရသည်။ ၄င်းတို့မှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေး၊ ရှေလုပ်ငန်း နှင့် ကျပန်းလုပ်ငန်းများဖြစ်သည်။ ၄င်းလုပ်ငန်းများအနက် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းတွင် အမျိုးသားနှင့် အမျိုးသ မီး လုပ်အားခ တန်းတူရကြပြီး ကျွမ်းကျင်မှုကို အခြေခံသော ဆောက်လုပ်ရေးလုပ်ငန်းတွင် အမျိုးသားနှင့် အမျိုး သမီး လုပ်အားခ တန်းတူမရကြပါ။

**(ဂ) သဘာဝရင်းမြစ်များ**

### (ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| လယ်မြေ | ၂၂ဂ.၅ | ကောင်း ☐ သင့် ☐ ညံ့ ☒ |
| ယာမြေ / တောင်ယာမြေ | ၂၇ | ကောင်း ☐ သင့်+ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | | ကောင်း ☐ သင့် ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စုစုပေါင်း | ၂၄၇.၅ | ☒ |

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက် - ကျေးရွာတွင် လယ် ၂၂ဂ.၅ ဧက၊ တောင်ယာမြေ ၂၇ ဧက စုစုပေါင်း မြေ (၂၄၇.၅) ဧက ရှိသည်။ တောင်ယာမြေများမှာ မြေဆီလွှာ အ ရည်အသွေး သင့်တင့် ရှိသော်လည်း လယ်မြေ မြေဆီလွှာ အရည်အသွေးမှာ ညံ့ပါသည်။

### (ဂ-၂) ခာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ခာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

